**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့်
တံတား (၆၇) စင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းအတွက်
ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

**(Environmental Compliance Certificate–ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၀၈ ) ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန ရုံးအမှတ် (၁၁)၊ နေပြည်တော် |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | တံတားတည်ဆောက်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | ပေ (၅၀) အထက်ရှိသည့် တံတား (၁၅) စင်းနှင့် ပေ (၅၀) အောက်ရှိသည့် တံတား (၅၂) စုစုပေါင်း တံတား (၆၇) စင်း အဆင့်မြှင့်တင် တည်ဆောက်ခြင်း |
| (စ) | **စီမံကိန်းတည်နေရာ** | - | ရခိုင်ပြည်နယ်၊ မောင်းတောခရိုင်၊ မောင်းတောမြို့နယ်ရှိ မောင်းတော- ကျီးကန်းပြင်- ကြိမ်ချောင်း လမ်းပေါ် (၀) မိုင် နှင့် မိုင် (၂၀) အကြား |
| (ဆ) | **ECC သက်တမ်း** | - | (၅)နှစ်<br>စတင်ထုတ်ပေးရက် - ၁၈-၈-၂၀၂၁<br>သက်တမ်းကုန်ဆုံးရက် - ၁၇-၈-၂၀၂၆ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၏ ၁၈-၈-၂၀၂၁ ရက်စွဲပါစာအမှတ်၊ တံတား/ ညွှန်ချုပ်/ ၂၀၂၀ -၂၀၂၁/၀၉၇၀(က) |

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်း ဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေးအစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)

အမြဲတမ်းအတွင်းဝန်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ JICA ODA Loan ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ရခိုင်ပြည်နယ် အတွင်းရှိ မောင်းတော – ကျီးကန်းပြင် – ကြိမ်ချောင်း လမ်းပေါ်ရှိ တံတား (၆၇) စင်းအား အဆင့်မြှင့်တင်တည်ဆောက်ခြင်း စီမံကိန်းအကြောင်းအရာ**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန က ရခိုင်ပြည်နယ်၊ မောင်းတောခရိုင်၊ မောင်းတောမြို့နယ်ရှိ မောင်းတော -ကျီးကန်းပြင် - ကြိမ်ချောင်း လမ်းပေါ်တွင် တံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် ၁၈-၈-၂၀၂၂ ရက်စွဲပါစာအမှတ်၊ တံတား/ ညွှန်ချုပ်/၂၀၂၀-၂၀၂၁/ ၀၉၇၀(က) တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ရုံးအမှတ် (၁၁)၊ နေပြည်တော် ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် JICA ODA Loan ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရခိုင်ပြည်နယ်အတွင်းရှိ မောင်းတော-ကျီးကန်းပြင်- ကြိမ်ချောင်း လမ်းပေါ်တွင် တံတား (၆၇) စင်းအား အဆင့်မြှင့်တင်တည်ဆောက်ခြင်း စီမံကိန်း ဖြစ်ပါသည်။ အဆိုပြုစီမံကိန်းတွင် ပေ (၅၀) နှင့်အထက်ရှိသည့် တံတား (၁၅) စင်းနှင့် ပေ (၅၀) အောက်ရှိသည့် တံတား (၅၂) စင်းတို့ အဆင့်မြှင့်တင်တည်ဆောက်မည်ဖြစ်ပါသည်။ ပေ(၅၀)နှင့် အထက် တံတား (၁၅) စင်း အနက် ပေ (၁၈၀) အလျားရှိသည့် တံတား (၁) စင်း၊ ပေ (၁၂၀) အလျားရှိသည့် တံတား (၃) စင်း၊ ပေ (၉၀) အလျားရှိသည့် တံတား (၃) စင်း၊ ပေ (၅၀) အလျားရှိသည့် တံတား (၆) စင်းနှင့် ပေ (၄၀) အလျားရှိသည့် တံတား (၂) စင်းတို့ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** တံတားတည်ဆောက်ရာတွင် အသုံးပြုမည့် စက်ပစ္စည်းများမှာ မြေတူးစက်၊ ဒလိမ့်တုံး၊ ကုန်တင်ကုန်ချစက်၊ ရေကား၊ ဝန်ချီစက်၊ နောက်ဘက်မှ ကုန်ချရန် သတိပေးသည့် ယာဉ်၊ ကုန်တင်ကုန်ကားနှင့် ကုန်ကြမ်းပစ္စည်းများအနေဖြင့် အင်္ဂတေ၊ အထောက် အကူပြုတိုင်၊ သဲနှင့် ကျောက်စရစ်တို့ အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရခိုင်ပြည်နယ်၊ မောင်းတောခရိုင်၊ မောင်းတောမြို့နယ်ရှိ မောင်းတော- ကျီးကန်းပြင်- ကြိမ်ချောင်း လမ်းပေါ်တွင် တည်ရှိပါသည်။

၆။

ရခိုင်ပြည်နယ်၊ မောင်းတောခရိုင်၊ မောင်းတောမြို့နယ်ရှိ မောင်းတော- ကျီးကန်းပြင်- ကြံခဲချောင်း လမ်းပေါ်တွင် တံတား (၆၇) စင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်း စီမံကိန်း၏ တည်နေရာပြ မြေပုံ



နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းချက်များ၊ အထွေထွေစည်းကမ်းချက်များနှင့် ကန့်သတ်ချက်များ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက ၁၈-၈-၂၀၂၁ ရက်စွဲပါစာအမှတ်၊ တံတား/ ညွှန်ချုပ်/၂၀၂၀-၂၀၂၁/ ၀၉၇၀(က) တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် ပေ (၅၀)နှင့် အထက် အလျားရှိသော တံတားများသည် ယက်မသံကူကွန်ကရစ် တံတားအမျိုးအစား ဖြစ်ပြီး၊ ပေ (၅၀) အောက် အလျားရှိသော တံတားများကို အုတ်နှင့် သံကူကွန်ကရစ် Twin Box ဖြင့် Pipe Culvert ၊ အုတ်နှင့် သံကူကွန်ကရစ် Open Type အမျိုးအစားဖြင့် ဆောက်လုပ်မည်ဖြစ်ပါသည်။ တံတားအားလုံးသည် မောင်းတော-ကျီးကန်းပြင်- ကြိမ်ချောင်းလမ်း တစ်လျှောက် (၂) လမ်းသွား တံတားအမျိုးအစားများ ဖြစ်ကြပါသည်။ အဆိုပြုတံတားများတွင် ချောင်းနှင့် စမ်းချောင်းများကို ဖြတ်မည့် တံတားများ၊ မြေဆီလွှာခိုင်ခံ့စေသည့် မြေထိန်းနံရံနှင့် ရေသွင်းရေထုတ်စနစ်များ၊ ယာဉ်လမ်းကြောင်း ပိတ်ဆို့မှုထိန်းချုပ်သည့် စနစ်များနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု စနစ်များ လိုအပ်သလိုမဖြစ်မနေ ပါရှိမည်ဖြစ်ပါသည်။ တံတားတည်ဆောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တံတားဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် စတင်၍ ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ခဲ့ပြီး ၂၀၂၃- ၂၀၂၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပြီးစီးရန် တာဝန်ယူ တည်ဆောက်သွားမည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်နှင့် စက်ပစ္စည်းများ လည်ပတ်ဆောင်ရွက်ရာတွင် စောင့်ကြည့်စစ်ဆေးရန်၊

(၂) ယာဉ်များမောင်းနှင်မှုမှ အခိုးအငွေ့ထုတ်လွှတ်ခြင်းကို လျှော့ချရန်၊

(၃) ကာလရှည်စွာ အသုံးပြုခြင်းမရှိသော မော်တော်ယာဉ်အသုံးပြုမှုများကို တားမြစ်ရန်၊

(၄) လေထုညစ်ညမ်းမှုကို လျှော့ချရန် မော်တော်ယာဉ်များအား ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊

(၅) ဆောက်လုပ်ရေးပစ္စည်းများကို သယ်ယူရာတွင် အကာအကွယ်များဖြင့် ဖုံးအုပ်ရန်၊

(၆) တည်ဆောက်ရေးလုပ်ငန်းဝန်းကျင်တလျှောက် ၂.၅ မီတာ အမြင့်ရှိသော အကာအရံများ စိုက်ထူထားရန်၊

(၇) ကျောက်စရစ်မခင်းထားသောလမ်းများကို တစ်နေ့လျှင် (၃) ကြိမ် ရေဖြန်းရန်၊

(၈) ဖုန်မှုန့်များ ထွက်ရှိမှုမရှိစေရန် သက်ဆိုင်ရာဝန်ထမ်းများကို လိုအပ်သည့် ပညာပေး အစီအစဉ်နှင့် သင်တန်းများပို့ချရန်၊

(၉) သဲများ၊ ဖုန်မှုန့်များနှင့် ကျောက်စရစ်များကို စုပုံရာတွင် တာလပတ်အစများဖြင့် ဖုံးအုပ်ထားရှိရန်၊

(၁၀) အဆောက်အအုံများဖျက်သိမ်းခြင်းမှ စွန့်ပစ်အမှိုက်များကို မီးရှို့ခြင်းအား ရှောင်ကြဉ်ရန်၊

(၁၁) ဖျက်သိမ်းခြင်းလုပ်ငန်းများ မဆောင်ရွက်မီ အသိပေးကြေညာသွားရန်၊

(ဃ) **ရေထုအရည်အသွေး။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေစဉ် မြေသားများ၊ အမှိုက်သရိုက်များနှင့် လုပ်ငန်းသုံးစွန့်ပစ်ပစ္စည်းများကို ရေလမ်းကြောင်းထဲသို့ မကျရောက်စေရန် အတားအဆီးများထားရှိ ဆောင်ရွက်ရန်၊

(၂) မော်တော်ယာဉ်များနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာများကို သတ်မှတ်ထားသော နေရာတွင်သာ ဆေးကြောသန့်စင်ရန်၊

(၃) အသုံးပြုပြီးသောရေများကို ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်စေရန် (သို့မဟုတ်) မြေပေါ်တွင်ရေဖြန်းရာ၌ ပြန်လည်အသုံးပြုနိုင်စေရန် သိုလှောင်သိမ်းဆည်းရန်၊

(၄) ယာယီဝန်ထမ်းအိမ်ရာတွင် ထားရှိသည့် ဆောက်လုပ်ရေးလုပ်သားများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများကို ရေသုံးစွဲမှုအနည်းဆုံးဖြစ်စေရေး ဆောင်ရွက်ရန်၊

(၅) ရေကိုအကျိုးရှိရှိအသုံးပြုစေရန်အတွက် ပညာပေးအစီအစဉ်များ ဆောင်ရွက်ရန်၊

(၆) အသုံးအဆောင်များကို သန့်သန့်ရှင်းရှင်းထားရှိပြီး လုပ်ငန်းပြီးဆုံးပါက မိလ္လာသုံး စွန့်ပစ်ရေများကို သေချာစွန့်ပစ်စေခြင်းဖြင့် လုပ်ငန်းခွင်နေရာကို သန့်ရှင်းစေရေး ဆောင်ရွက်ရန်။

(င) **မြစ်ကြောင်းစီးဆင်းမှုစနစ်အပေါ် စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) တည်ဆောက်ရေးကာလတွင် ရေကြောင်းအား ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ရေကြောင်းနှင့်ဝေးသည့် ကမ်းပါးပေါ်တွင် အုတ်မြစ်ချခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလတွင် ရေစီးဆင်းမှုအနိမ့်ဆုံးနေရာတွင် တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန်နှင့် ရေထဲသို့ အုတ်မြစ်ချရာတွင် ရေစီးဆင်းမှု လမ်းကြောင်းအပေါ် ထိခိုက်မှုနည်းစေမည့် ဒီဇိုင်းပုံစံအား ရေးဆွဲဆောင်ရွက်ရန်၊

(၃) အုတ်မြစ်ချခြင်းနှင့် ရေလမ်းကြောင်းလွှဲခြင်းတို့ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ယာယီ မြစ်ကြောင်းပြောင်းလဲမှုများ လျော့ချရန် လုပ်ငန်းဆောင်ရွက်ရာတွင် လျင်မြန်စွာနှင့် ထိရောက်စွာ ဆောင်ရွက်ရန်။

(စ) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည် -

(၁) မြေသားဆိုင်ရာလုပ်ငန်းများနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ သိုလှောင်ခြင်းကြောင့် အပေါ်ယံမြေဆီလွှာများတိုက်စားခြင်း၊ ပျက်စီးခြင်းနှင့် မြေဆီလွှာ ညစ်ညမ်းခြင်းတို့ကို လျော့နည်းစေရန် ဆောက်လုပ်ရေးပစ္စည်းများကို မြေယာရှင်းလင်းထားသော ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ထားသောနေရာများတွင် စုပုံထားရှိရန်၊

(၂) ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် မြေပြိုမှုမဖြစ်စေရန် ကြားခံဇုန်နှင့် သစ်ပင်များ စိုက်ပျိုးထားရန်၊

(၃) မြေဆီလွှာတိုက်စားမှုကို ကာကွယ်ရန် ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် ပျက်စီးနေသော မြေပေါ်တွင် ဒေသနှင့် ကိုက်ညီသော အပင်များ ပြန်လည် စိုက်ပျိုးရန်၊

(၄) မြေဆီလွှာသိပ်သည်းခြင်းနှင့် မြေဆီလွှာပျက်စီးမှုကိုလျော့ချရန်အတွက် ယာဉ်ရပ်နားရန်နေရာများနှင့် မောင်းနှင်ရမည့်နေရာများကို ကန့်သတ်ထား ရှိရန်၊

(၅) မြေကြီးတူးဖော်မှုနှင့် မြေသားဆိုင်ရာလုပ်ငန်းများကို ကျွမ်းကျင်အင်ဂျင်နီယာမှ ကြီးကြပ်၍ ဖယ်ရှားထားသော မြေဆီလွှာများကို ပြန်လည်အသုံးပြုရန် အတွက် စနစ်တကျ နေရာချထားရန်၊

(၆) ဆောက်လုပ်ရေးလုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများအား သတ်မှတ်ထားသော နေရာတွင် စနစ်တကျ စွန့်ပစ်ဆောင်ရွက်ရန်။

(ဆ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ဆောက်လုပ်ရေးလုပ်ငန်းများကို နေ့ခင်းပိုင်းတွင်သာ လုပ်ကိုင်ခြင်း သတ်မှတ်ရန်၊

(၂) ဆူညံသံများသက်သာစေရန် ဆူညံသံကို အကာအကွယ်ဖြစ်စေသည့် အရာများ ထားရှိဆောင်ရွက်ရန်၊

(၃) ညဘက်ပိုင်းတွင် ပစ္စည်းများအတင်အချ ပြုလုပ်ခွင့်မပေးခြင်းများ ဆောင်ရွက်ရန်၊

(၄) Pile လုပ်ငန်းများဆောင်ရွက်ရာတွင် ဆူညံသံထိန်းချုပ်ကာကွယ်၍ ပုံမှန် အလုပ်လုပ်ချိန်တွင်သာ စီစဉ်ဆောင်ရွက်ရန်၊

(၅) တုန်ခါမှုများကိုလက်ခံနိုင်သည့်ပမာဏထက် မကျော်လွန်စေရန် စောင့်ကြပ် ကြည့်ရှု ဆောင်ရွက်ရန်၊

(၆) ယာဉ်များနှင့် စက်ပစ္စည်းလည်ပတ်ရာတွင် ချောမွေ့စေရန်နှင့် ပိုမိုလွန်ကဲသော ဆူညံသံများ၊ တုန်ခါမှုများမဖြစ်ပေါ်စေရန် ထိန်းသိမ်းပြုပြင်မှုများ ပုံမှန်ပြုလုပ်ရန်၊

(၇) ဆူညံသံများအား အတတ်နိုင်ဆုံး အနိမ့်ဆုံးအဆင့်ထိ ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဆောက်လုပ်ရေးလုပ်သားများအား သင်ကြားပြသပေးရန်၊

(၈) ဖျက်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုမီ ဒေသခံများနှင့် ညှိနှိုင်း၍ အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(၉) ဆူညံသံ၊ တုန်ခါမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော စံနှုန်းများအား လိုက်နာ ဆောင်ရွက်ရန်။

(ဇ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) တည်ဆောက်ရေးကာလတွင် လုပ်ငန်းမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများနှင့် အသုံးမလိုသည့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျသိမ်းဆည်းပြီး ပြန်လည်အသုံးပြုရန်၊

(၂) ကွန်ကရစ်အပိုင်းအစများကို သတ်မှတ်ထားရှိသောနေရာတွင် စွန့်ပစ်စေရန်၊

(၃) အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို သီးခြားစီသိမ်းဆည်းခြင်းနှင့် စနစ် တကျ စီမံထားရှိရန်၊

(၄) ပုံမှန်စွန့်ပစ်ပစ္စည်းများကို နိုင်ငံအဆင့်လမ်းညွှန်ချက်များနှင့်အညီ စွန့်ပစ် ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းများကို ချေဖျက်ခြင်းနှင့် စွန့်ပစ်ခြင်းအတွက် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်ရန်၊

(၆) ဆောက်လုပ်ရေးလုပ်သားများနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ထမ်းများ၏ နေ့စဉ် အသုံးပြုမှုမှ ထွက်ပေါ်လာသော စွန့်ပစ်အမှိုက်များကို အမှိုက်ပုံးများတွင် စနစ်တကျ စွန့်ပစ်ရန်၊

(၇) အဆိုပါစွန့်ပစ်ပစ္စည်းများအနက် မီးဖိုချောင်သုံး စွန့်ပစ်ပစ္စည်းများကို သက်ဆိုင်ရာ စည်ပင်သာယာရေးဌာနမှ ပုံမှန်သယ်ယူသွားမည်ဖြစ်ပြီး ပြန်လည် အသုံးပြု၍ရသည့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုရန်။

(ဈ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည် -

(၁) လုပ်ငန်းခွင်တွင် တစ်ကိုယ်ရည်သုံး အကာအကွယ်ပစ္စည်းများ အလုံအလောက် ထားရှိရန်၊

(၂) တစ်ကိုယ်ရည်သုံး အကာအကွယ်ပစ္စည်းများ အပြည့်အစုံ ဝတ်ဆင်ခြင်းမရှိလျှင် မည်သူမဆို လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်ခွင့်မပြုရန်၊

(၃) လုပ်ငန်းခွင်ဆိုင်ရာ ထိခိုက်ဒဏ်ရာများ၊ ဖျားနာမှု၊ အမြင့်မှ ပြုတ်ကျခြင်းနှင့် မီးဘေးမတော်တဆဖြစ်မှုများ လျော့နည်းစေရန် ကျန်းမာရေးနှင့် ဘေးကင်း ရေးသင်တန်းများ ပုံမှန်ပို့ချပေးခြင်း၊ အမြင့်မှ ပြုတ်ကျခြင်းကို ကာကွယ်သည့် လုပ်ဆောင်မှုများထားရှိခြင်းနှင့် (၆) ပေအထက်တွင် အလုပ်လုပ်သော မည်သူမဆို အမြင့်မှ ပြုတ်ကျခြင်းကို ဖမ်းဆီးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ခြင်း၊ အလုပ်နှင့် ပတ်သက်သည့် မည်သည့် မတော်တဆဖြစ်မှုများကို မဆို ချက်ချင်းသတင်းပို့ပြီး ဒဏ်ရာရ အလုပ်သမားအား သင့်လျော်သော ဆေးခန်းတွင် ချက်ချင်း ဆေးကုသမှု ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊ ဆေးကုသမှုမှတ်တမ်းများ တင်ပြခြင်းဖြင့် ဆေးခွင့်များခံစားခွင့်ရှိခြင်း၊ အရေးပေါ်အခြေအနေ ဖြစ်ပွား လာပါက ဘေးအန္တရာယ်ကင်းရှင်းသော စုရပ်နေရာတွင် စုဝေးစေခြင်း၊ တာဝန်ရှိသူများမှ လူအရေအတွက် မှတ်သားထားခြင်းနှင့် နီးစပ်ရာ မီးသတ် ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် ဆောင်ရွက်ခြင်းကို ဆောင်ရွက်ရန်၊

(၄) အပူဒဏ်ကြောင့်ဖြစ်ပေါ်သည့် စိတ်ဖိစီးမှုများ၊ Covid-19နှင့် အခြားကူးစက် ပျံ့နှံ့တတ် သောရောဂါလက္ခဏာများနှင့်ပတ်သက်၍ အရိပ်ရသည့်နေရာတွင် ပုံမှန်နားနေချိန်များ သတ်မှတ်ဖန်တီးပေးခြင်း၊ အချိန်အတော်ကြာနေပူဒဏ်

ထိတွေ့မှုကို ကန့်သတ်ထားရှိခြင်း၊ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာသော စိတ်ဖိစီးမှုနှင့် ကုသရေးဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(၅) ပိုမိုကောင်းမွန်သော ဘေးကင်းရေးဆိုင်ရာကိစ္စများ ဆောင်ရွက်ရန် ဒေသဆိုင်ရာ ကျန်းမာရေး အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၆) ကူးစက်ရောဂါအကြောင်းကို ဝန်ထမ်းအားလုံးအား အသိပညာပေးမှုများ ပြုလုပ်ရန်။

(ည) **လူမှု-စီးပွားအခြေအနေ။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည် -

(၁) ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒေသခံလူထုများအကြား လူမှုရေးဆိုင်ရာ တင်းမာမှုများ ပဋိပက္ခများဖြစ်ပေါ်ခြင်းများ လျော့နည်းစေရန် ဒေသခံအလုပ် သမားများ ငှားရမ်းခြင်းကို အားပေးခြင်းနှင့် ကန်ထရိုက်တာများမှ ဒေသခံများ အား ငှားရမ်းဆောင်ရွက်ရန် ထည့်သွင်းစဉ်းစားခြင်း၊ ကန်ထရိုက်တာများ၏ အတွေ့အကြုံရှိသည့် ကျွမ်းကျင်လုပ်သားများအား အလုပ်သမားများအတွက် တန်းလျားများ တည်ဆောက်၍ ထားရှိခြင်း၊ အချိန်အကန့်အသတ်ဖြင့် လည်ပတ်သွားလာခွင့်ပြုခြင်း၊ လုပ်ငန်းပတ်ဝန်းကျင် အခြေအနေများကို သိရှိစေရန် ကန်ထရိုက်တာများသည် ဒေသခံရပ်ရွာလူထုနှင့် ဆက်သွယ်၍ စိုးရိမ်ပူပန်မှုများကို ပူးပေါင်းအဖြေရှာခြင်း၊ ဒေသခံများနှင့် လူမှုရေးပဋိပက္ခ များအား ချက်ချင်းအစီရင်ခံတင်ပြပြီး ဖြေရှင်းဆောင်ရွက်ခြင်းကို ဆောင်ရွက်ရန်၊

(၂) မသန်စွမ်းသူများအား ယင်းတို့၏ ကျွမ်းကျင်မှုအလိုက် အလုပ်များကို လုပ်ကိုင် ခြင်းကို အားပေးရန်၊

(၃) လုပ်ခနှုန်းထားများအား ကျား/မ ခွဲခြား၍ သတ်မှတ်ပေးခြင်းကို တင်းကျပ်စွာ တားမြစ်ထားပြီး၊ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူ လုပ်ခလစာနှုန်းထားများ ခံစားပိုင်ခွင့်ရှိသည်ဟူသောအချက်ကို အလေး အနက်ထား ဆောင်ရွက်ရန်၊

(၄) အလုပ်သမားဆိုင်ရာ စည်းမျဉ်းများနှင့်အညီ အချိန်ပိုလုပ်ခလစာများကို သတ်မှတ်ပေးရန်၊

(၅) နေ့စားလုပ်သားများနှင့် မန်နေဂျာအဆင့် ဝန်ထမ်းများကို ရွေးချယ်ရာတွင် ဒေသခံနှင့် ရွှေ့ပြောင်းလုပ်သားများအကြား အရည်အချင်း တူညီနေပါက ဒေသခံ အလုပ်သမားများကို ဦးစားပေးရွေးချယ်စေရန်၊

(၆) ဒေသခံလူငယ်များအား လိုအပ်သော ကျွမ်းကျင်မှုရှိစေရန် သင်တန်းများ ပို့ချသင်ကြားပေးရန်၊

(၇) ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်း ရရှိစေရန် ဒေသန္တရအုပ်ချုပ်ရေး (သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေး အာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊

(၈) ဒေသခံများနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် တူညီသောလစာပေးရန်။

(၄) **ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည် -

(၁) ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ သင်တန်းများပေးရန်၊

(၂) ဘေးကင်းသည့် ဂီယာများနှင့် ပစ္စည်းကိရိယာများကို ထောက်ပံ့ထားရှိရန်၊

(၃) ပြုပြင်ထိန်းသိမ်းသည့် လုပ်ငန်းများအတွက် ဘေးကင်းသည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန်၊

(၄) ပြုပြင်ထိန်းသိမ်းသည့် လုပ်ငန်းများအတွက် ကောင်းမွန်သည့် ဆက်သွယ်ရေးစနစ်နှင့် ရှင်းလင်းသော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်၊

(၅) ဆောင်ရွက်နေသောစနစ်များ တိုးတက်ကောင်းမွန်ရန်အတွက် စက်ကြီးများနှင့် ယာဉ်များကို ပုံမှန်စစ်ဆေးပေးခြင်း၊ ဆန်းစစ်ပေးခြင်းနှင့် ပြန်လည်အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(၆) အရေးပေါ်ကယ်ဆယ်ရေးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ သင်တန်းများ ပြုလုပ်ရန်၊

(၇) မီးငြိမ်းသတ်ရေး၊ ရေကြီးခြင်းနှင့် မြေလျှောစသည့် သဘာဝဘေးအန္တရာယ်များအတွက် လိုအပ်သည့်သင်တန်းများ ပို့ချရန်။

(၅) **ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ပေါက်ရောက်လေ့ရှိသော သစ်ပင်များနှင့် တန်ဖိုးရှိတိရစ္ဆာန်များ၏ မျိုးစိတ်အမည်များကို ကြိုတင်ဆန်းစစ်လေ့လာခြင်းနှင့် မှတ်တမ်းတင်ရန်၊

(၂) သစ်ပင်များနှင့် အပင်များကို ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရန် တတ်နိုင်သမျှ ထိန်းသိမ်းကာကွယ်ပြီး အခြားနေရာများတွင် ပြန်လည်စိုက်ပျိုးရန်၊

(၃) အပေါ်ယံမြေဆီလွှာများကို စိမ်းလန်းသောနေရာတွင် ပြန်လည်အသုံးပြုရန်အတွက် သိမ်းဆည်းရန်၊

(၄) စီမံကိန်းဆောင်ရွက်သည့်နယ်မြေနှင့် အနီးတစ်ဝိုက်တွင် တောရိုင်းတိရစ္ဆာန်များအတွက် လျှောက်လမ်းများ ထားရှိရန်။

(ဍ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) တည်ဆောက်ရေးကာလတွင် SOx, NOx, PM2.5, PM10, Ozone စသည့် လေအရည်အသွေး Parameter များအား တိုင်းတာရန်၊

(၂) ရေအရည်အသွေးတိုင်းတာရာတွင် တံတားဦးစီးဌာနမှ ဆောက်လုပ်ရေးလုပ်ငန်း မစခင် နှင့် ဆောင်ရွက်ပြီးစီးသည့်ကာလတို့တွင် ရေအရည်အသွေးကို တိုင်းတာသွားရန်၊

(၃) ဆူညံသံနှင့် တုန်ခါမှုတို့အား တည်ဆောက်ရေးကာလတွင် လစဉ်တိုင်းတာရန်၊

(၄) စီမံကိန်းမှ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အား ဆောင်ရွက်ရာ၌ တံတား ကြံ့ခိုင်မှု၊ ယာဉ်မတော်တဆဖြစ်ပွားမှု၊ ရေစီးကြောင်းပြောင်းလဲမှု၊ နုံးအနည် ကျမှုတို့အား လုပ်ငန်းလည်ပတ်သည့်ကာလတစ်လျှောက် စောင့်ကြပ် ကြည့်ရှုစစ်ဆေးရန်။

(ဎ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း တို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရန်။

(ဏ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့် သဘောထား များကို ညှိနှိုင်းဆောင်ရွက်ရမည်။

(တ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ခန့်မှန်းအသုံးစရိတ်အဖြစ် အကြို တည်ဆောက်ရေးကာလ၊ တည်ဆောက်ရေးကာလ၊ လုပ်ငန်းလည်ပတ်သည့် ကာလနှင့် လုပ်ငန်းပိတ်သိမ်းသည့်ကာလတို့တွင် အမေရိကန်ဒေါ်လာ ၁၄၀၀၀ ခန့် အသုံးပြုရန်၊

(၂) ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်အတွက် ခန့်မှန်းအသုံးစရိတ် အဖြစ် အကြိုတည်ဆောက်ရေးကာလ၊ တည်ဆောက်ရေးကာလ၊ လုပ်ငန်း လည်ပတ်သည့်ကာလနှင့် လုပ်ငန်းပိတ်သိမ်းသည့်ကာလတို့တွင် အမေရိကန် ဒေါ်လာ ၁၇၅၀၀ ခန့် အသုံးပြုရန်။

*၂)

## ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် တစ်ဖက်ပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည် -

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စားစီမံကိန်းကိုဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲ ဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးသည် စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့် စည်းကမ်းချက်များ အားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) အစီရင်ခံစာတွင် ဖော်ပြထားသော ကတိကဝတ်များအား အပြည့်အဝလိုက်နာဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ ကုမ္ပဏီ၏ မူဝါဒများ၊ စီမံကိန်းနှင့်သက်ဆိုင်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ တို့ကို လိုက်နာဆောင်ရွက်ရန်၊

(၃) အဆိုပြုစီမံကိန်းတည်ရှိရာ မောင်းတောမြို့တွင် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်လေ့ရှိသည့်အတွက် မြန်မာနိုင်ငံဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး လုပ်ငန်းစီမံချက် (MAPDRR) နှင့် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃) တို့နှင့်အညီ စီမံကိန်းအား အကောင် အထည်ဖော် ဆောင်ရွက်ရန်၊

(၄) စီမံကိန်း ဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမှုလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့်

ပတ်ဝန်းကျင်ပျက်စီးမှုများ မဖြစ်မီ ကာကွယ်တားဆီးရန် (သို့မဟုတ်) အနည်းဆုံး ဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန်၊

(၅) လတ်တလောနှင့်ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရန်၊ ပြန်လည်ထူထောင်ရန်နှင့် လူမှု ကာကွယ်စောင့်ရှောက်မှုများကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များအား ဆောင်ရွက်ထားရှိရန်၊

(၆) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

(ကက) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်အမှိုက်များအား ချောင်းရေ၊ မြစ်ရေများအတွင်း တိုက်ရိုက်စွန့်ပစ်ခြင်းမပြုဘဲ သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းစွာ စွန့်ပစ်ရန်၊

(ခခ) တည်ဆောက်ရေးလုပ်ငန်းခွင်မှ ထွက်ရှိလာမည့် ဘေးအန္တရာယ် ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုး အစား ခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဂဂ) ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိစေရေး စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ထွက်ရှိမှုကို လျှော့ချခြင်းများ ဆောင်ရွက်ရန်၊

(ဃဃ) တည်ဆောက်ရေးလုပ်ငန်းခွင်မှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်း များအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်း တို့နှင့် ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ် ပစ္စည်းများအား စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ် ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ် နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

၁၅

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၆.၈ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်။

(ဂ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ဃ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု

သ

အပေါ် ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(င) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့် ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်၊

(၃) လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များစိုက်ပျိုးရန်၊ အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူ ဆောင်ရွက်ရန်၊

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည် -

(၁) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော (သို့မဟုတ်) ဖြစ်ပေါ်စေနိုင်သော မတော်တဆမှု တစ်ခုဖြစ်ပွားခြင်း (သို့မဟုတ်) ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၂) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကို ကျော်လွန်ခြင်း၊

(၃) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း။

(၄) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများ ဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား လိုက်နာဆောင်ရွက်ရန်ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ

စောလျင်စွာ စာဖြင့်အသိပေးရန်နှင့် ပျက်ကွက်မှုတစ်ခုခုကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့်ကိစ္စ သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့်ကိစ္စကို (၂၄) နာရီအတွင်းလည်းကောင်း၊ အခြားကိစ္စများအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်/ ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၅) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့်ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတားဆီးရန် သို့မဟုတ် လျှော့ချရန်ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၆) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ပြန်လည်သုံးသပ်ဆောင်ရွက်ခြင်း၊ မီးဘေးအန္တရာယ် ကာကွယ်ရေးစီမံချက်များ၊ အရေးပေါ်ဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်များအား ရေးဆွဲအကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်သွားရန်၊

(၇) **စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-**

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ တင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုတို့ကို တင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင်

တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများကို တင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ တင်ပြရန်၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို တင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/ မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ် (CSR Activities) နှင့်စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများ (Stakeholders)များနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို အများပြည်သူသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေး ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

ညံ့

(ည) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (လေ၊ ဆူညံသံ၊ စွန့်ပစ်ပစ္စည်း)များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓါတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြည့်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အပိုဒ် ၁၀၈၊ ၁၀၉ တို့နှင့် အညီပြုစု၍ မပျက်မကွက်တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း သင့်လျော်ရာနည်းလမ်းအသုံးပြု၍ ထုတ်ဖော်ကြေညာရန်၊

(၂) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၃) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် (၆) လတစ်ကြိမ် အစီရင်ခံတင်ပြခြင်းတို့အတွက် လုံလောက်သည့်ရန်ပုံငွေကို ထားရှိသုံးစွဲရန်။

(ဋ) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် လျာထားရန်ပုံငွေများကို စီမံကိန်းအဆင့်တစ်ခုချင်းစီအတွက်လည်းကောင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းအတွက် လျာထားရန်ပုံငွေများကိုလည်းကောင်း သီးခြားစီခွဲခြားဖော်ပြရန်၊

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည် -

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်

ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြု ခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်း ထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအမိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်သိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---